## ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ထင်ရှားစေခြင်း

## (၁)

### အဓိကသော့ချက်များ

ခရစ်တော်သည် ကျွန်ုပ်တို့ကို အနာငြိမ်းစေရန်၊ ပြန်လည်ရယူရန်၊ ရှင်သန်နိုးထလာစေရန်နှင့် ကယ်တင်ရန် သမားတော်အဖြစ် အမှုဆောင်ခြင်းငှာ ကြွလာခဲ့ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ သစ်လွင်သော၊ ကောင်းကင်ဆိုင်ရာဖြစ်သော နိုင်ငံသားများဖြစ်ရန် ပြန်လည်စေ့စပ်ထုံးဖွဲ့ခံရ၍၊ သူတို့ဖြင့် ကိုယ်တော်သည် ဤဖောက်ပြန်ပျက်စီးနေသော မြေကြီးပေါ်မှာ ကိုယ်တော်၏ကောင်းကင်ဆိုင်ရာနိုင်ငံတော်ကို တည်ထောင်နိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်မှာ ပုန်ကန်ခြင်းကို နှိမ်နင်းမည့် တန်ခိုးဖြစ်ကြောင်းနှင့် သခင်ယေရှု၏ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းဖြစ်ကြောင်း သိကျွမ်းရန်၊ တွေ့ကြုံခံစားရန်နှင့် သက်သေခံရန် လိုအပ်သည်။

ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ခရစ်တော်သည် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ကောင်းကင် (ဘုရားသခင်) ကို မြေကြီး (လူ) သို့ ခေါ်ဆောင်လာ၍၊ မြေကြီး (လူ) ကို ကောင်းကင် (ဘုရားသခင်)နှင့်အတူ တစ်ခုတည်းအဖြစ် ပေါင်းစည်းဆက်နွယ်စေသော လှေကားဖြစ်လာခြင်းအားဖြင့် ဘုရားသခင်အတွက် စကားပြောသည်။

ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းသည် ဓမ္မသစ်ကျမ်းတစ်ခုလုံး၏ ဘောင်ဖြစ်သည့်နည်းတူ၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါး ဖြစ်ခြင်းသည် တမန်တော်ဝတ္ထု၏ ဖွဲ့စည်းတည်ဆောက်ပုံ ဖြစ်သည်။ တမန်တော်ဝတ္ထု၏ အခန်းကြီးတစ်ခန်းပြီးတစ်ခန်းတွင် ဘုရားသခင်၏ဓမ္မသစ်စီမံကိန်းကို သယ်ဆောင်ခြင်းအတွက် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ပြုပြင်လုပ်ဆောင်မှုကို ဖွင့်ပြထားသည်။

© 2024 Living Stream Ministry

Message One

## ခရစ်တော်သည် ကြီးစွာသောအလင်း၊ အခွင့်အာဏာရှိသောအရှင်၊ သမားတော်၊ သတို့သား၊ ပိတ်စအသစ်နှင့် အသစ်သောစပျစ်ရည်ဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ မ၊၄း၁၆။ ၈း၅-၁၃။ ၉း၉-၁၇

**I. ခရစ်တော်သည် မှောင်မိုက်၌ထိုင်နေကြသောသူတို့အပေါ်မှာ ထွန်းလင်းသော၊ သေခြင်း၏ နယ်ပယ်နှင့် အရိပ်၌ ထိုင်နေကြသော သူတို့ထံ ပေါ်ထွန်းလာသော ကြီးစွာသောအလင်း ဖြစ်တော်မူသည် - မ၊၄း၁၆။ ယော၊၁း၄-၅။ ၁၂း၃၆။ ၈၅း၈။ ကော၊ ၁း၁၂-၁၃။ ၂ကော၊၄း၆-၇။ တ၊၂၆း၁၈။**

A. "အကြောင်းမူကား ငါတို့ဘုရားသခင်၏ ကရုဏာနှင့် ပြည့်စုံသော သနားစုံမက်ခြင်းအားဖြင့်၊ တက်သောနေသည် အထက်မှ ငါတို့ထံသို့ အကြည့်အရှု ကြွလာသဖြင့်၊ မှောင်မိုက်နှင့် သေမင်း၏ အရိပ်ထဲတွင် ရှိနေသောသူတို့၌ အလင်းပေါ်ထွန်း၍၊ ငါတို့အား ငြိမ်သက်ခြင်းလမ်းကို ပြလျက် ရှိသည်" - လု၊၁း၇၈-၇၉။ ၆း၃၆။ မြည်၊၃း၂၂-၂၃။

B. "ငါ၏နာမတော်ကို ကြောက်ရွံ့သော သင်တို့၌ကား၊ ဖြောင့်မတ်ခြင်း နေမင်းသည် အနာပျောက်စေသော အတောင်တို့နှင့် ပေါ်ထွန်းတော်မူမည်။ သင်တို့သည် ထွက်သွား၍ ကောင်းစွာ ကျွေးမွေးခံသော နွားသငယ်ကဲ့သို့ ခုန်ကြလိမ့်မည်" - မာ၊၄း၂။ ဆာ၊၈၄း၁၁။ ၈၆း၁၁။

C. ဆာလံ ၂၂ သည် "အရုဏ်ဦး၏ သမင်မအတိုင်း" ဖြစ်သည် - ခေါင်းစဉ်။

D. "ယေဟောဝါကို ချစ်သောသူတို့မူကား၊ / အရှိန်တန်ခိုးနှင့်ထွက်သွားသော နေမင်းကဲ့သို့ ဖြစ်ပါစေသော" - သူကြီး၊၅း၃၁ခ။ ဟေရှာ၊၆၀း၁၊ ၅က။

E. "ဖြောင့်မတ်သောသူတို့၏လမ်းသည် အရုဏ်တက်သောအလင်းကဲ့သို့ ဖြစ်၍၊ / နေပြည့်သည့်တိုင်အောင် တောက်ပသည် ထက် တောက်ပစွာ ထွန်းလင်းတတ်၏" - သု၊၄း၁၈။ ဖိ၊၂း၁၅-၁၆က။

F. "ထိုအခါ ဖြောင့်မတ်သောသူတို့သည် နေထွန်းလင်းသကဲ့သို့ မိမိတို့အဖ၏ နိုင်ငံတော်၌ ထွန်းလင်းကြလတ္တံ့" - မ၊၁၃း၄၃က။

**II. တပ်မှူးက သခင်ဘုရားသည် အခွင့်အာဏာရှိသောအရှင် ဖြစ်ကြောင်း မြင်ခဲ့သည်၊ အကြောင်းမှာ သခင်ဘုရားသည် အခွင့် အာဏာအောက်တွင် ရှိခဲ့သောလူတစ်ဦးဖြစ်သောကြောင့် ဖြစ်သည် - ၈း၅-၁၃။**

A. တပ်မှူးက "ကျွန်တော်သည် အခွင့်အာဏာအောက်၌ရှိသောသူ တစ်ဦးဖြစ်သော်လည်း"ဟု ပြောသောအခါ သခင်ဘုရား သည် အခွင့်အာဏာအောက်၌ရှိသော လူတစ်ဦးဖြစ်ကြောင်း သိမှတ်နားလည်ခဲ့ခြင်းဖြစ်သည်။ တပ်မှူးသည် အခွင့်အာဏာ အောက်မှာရှိသောသူတစ်ဦးဖြစ်သည့်အလျောက် သူ၌ သူ့လက်အောက်ရှိသူများကို အမိန့်ပေးရန် အခွင့်အာဏာရှိလေသည် - အငယ်၊၉က။

1. မြေကြီးပေါ် ကိုယ်တော်၏လူသားဇာတိ၌ ဘုရား-လူတစ်ဦးအဖြစ် သခင်ယေရှုသည် ခမည်းတော်၏ ဘုရားဆိုင်ရာ အသက်အုပ်စိုးမှုအောက်တွင် လုံးလုံးအကြွင်းမဲ့ ရှိခဲ့သောသူဖြစ်သည် - ယော၊၅း၁၉။ ၄း၃၄။ ၇း၄။ ၁၄း၁၀၊ ၂၄။ ၅း၃၀။ ၇း၁၈။

2. လူတစ်ဦးအနေဖြင့် ကိုယ်တော်သည် သူ၏ ဇာတိဆိုင်ရာလူသားဇာတိကို ငြင်းပယ်ခဲ့ပြီး၊ ကောင်းကင်ဆိုင်ရာခမည်း တော်၏ ဘုရားဆိုင်ရာအသက် ကန့်သတ်ထိန်းချုပ်မှုအောက်တွင် ရှိသော လူသားအသက်တာကို အသက်ရှင်ခဲ့သည်။

3. ခမည်းတော်၏ ဘုရားဆိုင်ရာအသက်၏ အုပ်စိုးမှုအောက်တွင် လက်တွေ့ကျကျရှိခြင်းအားဖြင့် ကိုယ်တော်သည် အသက်၌ စိုးစံနေသည် - ဖိ၊၂း၈-၁၁။

4. ကိုယ်တော်သည် ခမည်းတော်၏အခွင့်အာဏာအောက်တွင် ရှိသော လူတစ်ဦးဖြစ်သောကြောင့် ကိုယ်တော်၌ ခမည်း တော်၏အခွင့်အာဏာရှိခဲ့သည်။

5. ကျွန်ုပ်တို့တွင် ကြောက်မက်ဖွယ်သော ကျောက်သလင်းကဲ့သို့ ကြည်လင်သော ကောင်းကင် (ကောင်းသော၊ စင်ကြယ် သော ဩတ္တပ္ပစိတ်) ရှိက၊ သခင်ဘုရားနှင့် ကျွန်ုပ်တို့အကြား ဘာမျှမရှိသောအခါ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၌ ကျေးဇူး

တော်စိုးစံခြင်းအားဖြင့် အသက်၌ စိုးစံရန် သခင်ဘုရား၏ အုပ်စိုးသော မျက်မှောက်တော်၏ ကောင်းကင်ဆိုင်ရာ အခြေအနေ၊ နယ်ပယ်၊ အနေအထားဖြင့် ဖြည့်ခြင်း ခံရကြသည် - ယေဇ၊၁း၂၂၊ ၂၆။ ဗျာ၊၂၂း၁။ ရော၊၅း၁၇၊ ၂၁။ ဟေဗြဲ၊၄း၁၆။ ညွှန်း၊ ကော၊၁း၁၃။

B. တပ်မှူးက သခင်ယေရှု၏ အခွင့်အာဏာကို အသိအမှတ်ပြုခဲ့သည် - မ၊၈း၉။

1. သခင်ဘုရားနှင့်စပ်လျဉ်း၍ ကိုယ်တော်၏အခွင့်အာဏာသည် ကိုယ်တော်၏စကားတော်၌ အဓိကအားဖြင့် လေ့ကျင့်လုပ်ဆောင်ခဲ့သည် - အငယ်၊၈။
2. ကျွန်ုပ်တို့နှင့်စပ်လျဉ်း၍ သခင်ဘုရား၏အခွင့်အာဏာသည် ကိုယ်တော်အားဖြင့် ကျွန်ုပ်တို့အထဲသို့ ဖြည့်သွင်းပေးသော ယုံကြည်ခြင်းမှတစ်ဆင့် လေ့ကျင့်လုပ်ဆောင်ခြင်း ဖြစ်သည် - အငယ်၊၁၀၊ ၁၃။ ဟေဗြဲ၊၁၂း၂။

C. သခင်ယေရှုသည် မြေကြီးပေါ် ရှိစဉ်က ကိုယ်တော်သည် အခွင့်အာဏာရှိသောသူတစ်ဦးကဲ့သို့ သွန်သင်ခဲ့သည် - မ၊၇း၂၈-၂၉။ မာ၊၁း၂၂။

1. မိမိကိုယ်ကိုခန့်အပ်သော ကျမ်းတတ်များက မိမိတို့ကိုယ်တိုင်အားဖြင့် အချည်းနှီးသောအသိပညာကို သွန်သင်ကြကာ၊ မည်သည့်အခွင့်အာဏာ၊ မည်သည့်တန်ခိုးမျှ မရှိကြပေ - ညွှန်း၊ ၂ကော၊၃း၆၊ ၈။
2. ဘုရားသခင်ကအခွင့်အာဏာပေးထားသည့် သွန်သင်သူအဖြစ် သခင်ယေရှုသည် ဘုရားသခင်အားဖြင့် စစ်မှန်ခြင်းများကို သွန်သင်ခဲ့ပြီး၊ လူများကို သိမ်းပိုက်လွှမ်းမိုးရန် ဝိညာဉ်ရေးရာ တန်ခိုး ရှိရုံသာမက၊ သူတို့ကို ဘုရားဆိုင်ရာအုပ်စိုးခြင်းသို့ ဝန်ခံလာစေရန် ဘုရားဆိုင်ရာအခွင့်အာဏာ ရှိသူလည်းဖြစ်သည် - ဟေရှာ၊၃၀း၂၀-၂၁။ မ၊၂၃း၈၊ ၁၀။

## III. လူများအား နိုင်ငံတော်အတွက် ကိုယ်တော်နောက်တော်လိုက်ရန် ခေါ်ခြင်း၌ ကောင်းကင်ဆိုင်ရာနိုင်ငံတော်၏ ရှင်ဘုရင်အဖြစ် သခင်ယေရှုသည် သမားတော်အဖြစ် အမှုဆောင်ခဲ့သည် - ၉း၉-၁၃။

A. တရားသူကြီး၏ တရားစီရင်ခြင်းသည် ဖြောင့်မတ်ခြင်းအရဖြစ်ပြီး၊ သမားတော်၏ ကုသပေးခြင်းသည် ကရုဏာနှင့် ကျေးဇူးတော်အရ ဖြစ်သည်။

B. သခင်ဘုရားသည် သနားစဖွယ်သောလူများဖြစ်သည့် ကျွန်ုပ်တို့ထံ တရားသူကြီးအဖြစ် ကြွလာခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့သည် စီရင်ခံရမည်၊ ငြင်းပယ်ခံရမည်ဖြစ်ကာ၊ ကျွန်ုပ်တို့မှ မည်သူမျှ ကိုယ်တော်၏ကောင်းဆိုင်ရာ နိုင်ငံတော်၏ လူများဖြစ်ရန် အရည်အချင်းပြည့်မီခြင်း၊ ရွေးချယ်ခြင်း၊ ခေါ်ခြင်း ခံရမည်မဟုတ်ပါ - ၈း၂-၁၆၊ ၂၈-၃၂။ ၉း၂-၁၁။ ဆာ၊၁၀၃း၁-၄။ ၁၀၇း၁၇-၂၂။

C. သို့သော်လည်း ကိုယ်တော်သည် သမားတော်အဖြစ် ကုသပေးရန်၊ ပြန်ကျန်းမာစေရန်၊ နိုးကြားစေရန်နှင့် ကယ်တင်ရန် အမှုဆောင်ဖို့ ကြွလာခဲ့ကာ၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသစ်သော၊ ကောင်းကင်ဆိုင်ရာဖြစ်သော နိုင်ငံသားများ ဖြစ်ရန် ပြန်လည်စေ့စပ်ထုံးဖွဲ့၍၊ ထိုသူတို့ဖြင့် ကိုယ်တော်သည် ဤယိုယွင်းပျက်စီးနေသော မြေကြီးပေါ်တွင် ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာ နိုင်ငံတော်ကို တည်စေနိုင်မည်ဖြစ်သည်။

D. "ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ" (ရော၊၃း၁၀)။ "ဖြောင့်မတ်သောသူ"အားလုံးမှာ မိမိကိုယ်ကိုဖြောင့်မတ်ကြသူများဖြစ်ကြကာ၊ ဖာရိရှဲများကဲ့သို့ပင် ဖြစ်သည် (လု၊၁၈း၉)။ ရှင်ဘုရင်ဆိုင်ရာကယ်တင်ရှင်သည် ဤသူတို့ကို ခေါ်ရန် ကြွလာခြင်းမဟုတ်ဘဲ၊ အပြစ်သားများကို ခေါ်ရန် ကြွလာခြင်းဖြစ်သည်။

E. ကျွန်ုပ်တို့၏သမားတော်အနေဖြင့် သခင်ဘုရားသည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့် စိတ်၌ အဓိကအားဖြင့် ကုသပေးကာ၊ ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာ ဖျားနာခြင်းကို ကုသပေးခဲ့သည်။ အခွန်ခံများနှင့် အပြစ်သားများသည် ရုပ်ပိုင်းဆိုင်ရာဖျားနာနေကြသော်လည်း ဝိညာဉ်ဆိုင်ရာ ဖျားနာနေကြခြင်းဖြစ်သည် - မ၊၉း၁၀၊ ၁၃။ သု၊၄း၂၀-၂၃။

F. ကျွန်ုပ်တို့သည် ကားတိုင်ပေါ်အသေခံသော ခရစ်တော်ကို တွေ့ကြုံခံစားပြီး၊ ကားတိုင်ပေါ်အသေခံခြင်းအသက်တာကို အသက်ရှင်ကြသည်နှင့်အမျှ ရှင်ပြန်ထမြောက်သော ခရစ်တော်သည် ကျွန်ုပ်တို့၏ အနာငြိမ်းစေသော တန်ခိုးဖြစ်လာကာ၊ သခင်ဘုရားသည် ကျွန်ုပ်တို့၏အနာငြိမ်းစေသူ ဖြစ်လာသည် - ထွ၊၁၅း၂၂-၂၇။

## IV. ခရစ်တော်သည် ကျွန်ုပ်တို့၏သတို့သားဖြစ်သည် - မ၊၉း၁၄-၁၅။

A. သမားတော်နှင့် သတို့သား နှစ်ခုလုံးသည် နှစ်လိုဖွယ် ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ရှင်ဘုရင်ဆိုင်ရာကယ်တင်ရှင်သည် ပထမဦးစွာ နောက်လိုက်များကို အနာငြိမ်းစေခဲ့ပြီး၊ ထိုနောက် သူတို့ကို သတို့သား၏ အပေါင်းအဖော်များ ဖြစ်စေခဲ့သည်။ နောက်ဆုံးတွင် သူတို့ကို ကိုယ်တော်၏ သတို့သမီးဖြစ်စေလိမ့်မည်ဖြစ်သည်။

B. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသက်တာ ပြန်လည်ရယူခံရရန် အလို့ငှာ ကိုယ်တော်ကို ကျွန်ုပ်တို့၏သမားတော်အဖြစ် ကိုင်စွဲထားရုံသာမက၊ ကျွန်ုပ်တို့က ကိုယ်တော်၏မျက်မှောက်တော်၌ အသက်ရှင်ခြင်းကို မွေ့လျော်ဝမ်းမြောက်ခြင်း ရရှိရန် ကျွန်ုပ်တို့၏သတို့သားအဖြစ်လည်း ကိုင်စွဲထားရန် လိုအပ်သည် - ဖိ၊၃း၁၂-၁၃။

C. ဝိညာဉ်တော်သည် ခမည်းတော်က ကျွန်ုပ်တို့ကို ခရစ်တော်၏ကြွယ်ဝခြင်းများဖြင့် အလှဆင်ပေး၍ ခရစ်တော်၏သတို့သမီး ဖြစ်စေရန် အထူးတလည် စေလွှတ်ခံရပြီးဖြစ်သည် - က၊၂၄။ ဧ၊၅း၂၅-၂၇။

## V. ခရစ်တော်သည် ပိတ်စအသစ်နှင့် ကျွန်ုပ်တို့၏ဝတ်လုံအသစ်ဖြစ်သည် - မ၊၉း၁၆။ လု၊၅း၃၆။

A. *ပိတ်စအသစ်* ဟူသောစကားလုံးမှာ "ပုံမသွင်းရသေးသော၊ ပေါင်းမခံရသေးသော၊ မလျှော်ဖွတ်ရသေးသော၊ မပြီးဆုံးသေးသော၊ မချုပ်လုပ်ရသေးသော၊ မပြုပြင်ရသေးသော"ဟု ဆိုလိုခြင်းဖြစ်သည်။

B. ပိတ်စအသစ်သည် ကိုယ်တော်၏လူ့ဇာတိခံခြင်းမှ ကိုယ်တော်၏ကားတိုင်ပေါ်အသေခံခြင်းအထိ ခရစ်တော်အား အသစ်သောပိတ်စ၊ မပြုပြင်ရသေးသော၊ မပြီးစီးသေးသော ပိတ်စအဖြစ် ပုံဆောင်ပြီး၊ လုကာ ၅း၃၆ ရှိ ဝတ်လုံအသစ်မှာမူ ခရစ်တော်သည် ကိုယ်တော်၏ ကားတိုင်ပေါ်အသေခံခြင်း၌ "ပြုပြင်စီရင်ခံ" ပြီးနောက် အသစ်သောဝတ်လုံဖြစ်ခြင်းကို ပုံဆောင်သည်။

C. ခရစ်တော်သည် ပထမဦးစွာ ဝတ်လုံအသစ်ကို ပြုလုပ်ခြင်းအတွက် ပိတ်စအသစ် ဖြစ်ခဲ့ပြီး၊ ထိုနောက် ကိုယ်တော်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ကိုယ်တော်သည် ဘုရားသခင့်ရှေ့တော်၌ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းအဖြစ် ကျွန်ုပ်တို့ကို ဖုံးအုပ်ပေးရန် ဝတ်လုံအသစ် ဖြစ်လာခဲ့သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်စေ၍၊ ကိုယ်တော်ထံ လက်ခံဖွယ်ရာဖြစ်နိုင်မည်ဖြစ်သည် - ၁၅း၂၂။ ဂလ၊၃း၂၇။ ၁ကော၊၁း၃၀။ ဆာ၊၄၅း၁၃-၁၄။ ဗျာ၊၁၉း၈။ ယေ၊၂း၃၂။

D. ပိတ်စအသစ်ကို အဝတ်ဟောင်းအပေါ် ဖာထေးပါက၊ ၎င်း၏ဆွဲဆန့်သည့်အားကြောင့် အဝတ်ကို ဆွဲဆုတ်ခြင်းရှိကာ၊ အပေါက်ကို ပို၍ ဆိုးရွားသွားစေသည်။ အဝတ်ဟောင်းအပေါ် ပိတ်စအသစ်ဖြင့် ဖာထေးခြင်းမှာ လူများသည် သူတို့၏ရွေးနုတ်ရှင်အဖြစ် ကားတိုင်ပေါ်အသေခံသော ယေရှု၌ ယုံကြည်ခြင်းမရှိဘဲ၊ သို့မဟုတ် သူတို့ကို ဘုရားသခင်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်စေရန်နှင့် ကိုယ်တော်ထံ လက်ခံဖွယ်ရာဖြစ်စေရန် သူတို့၏ဖြောင့်မတ်ခြင်းအဖြစ် ရှင်ပြန်ထမြောက်သော ခရစ်တော်၌ ယုံကြည်ခြင်းမရှိဘဲ၊ မြေကြီးပေါ်မှာ ကိုယ်တော်၏လူသားအသက်တာ၌ ခရစ်တော်ပြုမူခဲ့သောအရာကို တုပရန် ကြိုးစားနေကြခြင်းကို ဆိုလိုခြင်းဖြစ်သည်။

E. ခရစ်တော်၏လူသားအသက်ရှင်ခြင်းကို သူတို့၏ တုပခြင်းက သူတို့၏"အဝတ်ဟောင်း" တည်းဟူသော သူတို့၏ဟောင်းသော ဇာတိအသက်အားဖြင့် ထုတ်လုပ်သည့် အပြုအမူမှ "ဆွဲဆုတ်"ခြင်း ဖြစ်စေသည်။

F. နိုင်ငံတော်သားတို့သည် ဤသို့ မပြုရပေ။ သူတို့သည် ကားတိုင်ပေါ်အသေခံ၍ ရှင်ပြန်ထမြောက်သော ခရစ်တော်ကို သူတို့၏ ဝတ်လုံအသစ်ဖြစ် ယူဆောင်၍၊ ဘုရားသခင့်ရှေ့တော်၌ သူတို့၏ဖြောင့်မတ်ခြင်းအဖြစ် သူတို့ကို ဖုံးအုပ်စေရမည်ဖြစ်သည်။

## VI. ခရစ်တော်သည် သစ်လွင်သော စပျစ်ရည်ဗူးများအထဲသို့ ထည့်မည့် ကျွန်ုပ်တို့၏စပျစ်ရည်အသစ်ဖြစ်သည် - မ၊၉း၁၇။

A. *အသစ်* အတွက် ဂရိစကားလုံးမှာ "အသစ်ဖြစ်သော၊ လက်ရှိဖြစ်သော၊ ပိုင်ဆိုင်မှုအသစ်ဖြစ်သော" ဟု ဆိုလိုသည်။

1. စပျစ်ရည်အသစ်သည် ကျွန်ုပ်တို့ကို ခွန်အားပေးရန်၊ ကျွန်ုပ်တို့ကို စွမ်းအားဖြည့်ပေးရန်၊ ကျွန်ုပ်တို့ကို ပျော်ရွှင်စေရန် ရွှင်လန်းစေသော ခွန်အားနှင့်အတူ အသစ်သော၊ ရွှင်လန်းစေသော အသက်အဖြစ် ခရစ်တော်ကို ပုံဆောင်သည် - သူကြီး၊၉း၁၂-၁၃။

2. ဘာသာတရားအားလုံးသည် စပျစ်ရည်ဖူးဟောင်းများ ဖြစ်ကြသည်။ စပျစ်ရည်အသစ်ကို ဟောင်းသော စပျစ်ရည်ဖူးများအထဲသို့ ထည့်ခြင်းက ၎င်း၏ အချဉ်ဖောက်သော စွမ်းအားကြောင့် စပျစ်ရည်ဖူးများကို ပေါက်ကွဲစေတတ်သည်။ စပျစ်ရည်အသစ်ကို ဟောင်းသော စပျစ်ရည်ဖူးများအထဲသို့ ထည့်ခြင်းမှာ စိတ်လှုပ်ရှားတက်ကြွစေသော အသက်ဖြစ်သည့် ခရစ်တော်ကို မည်သည့်ဘာသာတရားမျိုးအထဲမှာမဆို ထည့်သွင်းခြင်းပင်ဖြစ်သည် - မ၉း၁၄-၁၅။
3. ဘာသာတရားကိုင်းရှိုင်းခြင်းမှာ ဘုရားသခင်ကို ကိုးကွယ်ရန်၊ ဘုရားသခင်ကို အစေခံရန်၊ ဘုရားသခင်ကို ကျေနပ်စေဖို့ အရာများကို လုပ်ဆောင်ရန်၊ သို့သော် ဝိညာဉ်တော်အဖြစ် ခရစ်တော်မှ ကင်းကွာခြင်း၊ ခရစ်တော်မပါရှိခြင်းကို ဆိုလိုခြင်းဖြစ်သည် - ညွှန်း၊ ဂလ၊၁း၁၄-၁၆က။

B. *သစ်လွင်လန်းဆန်းခြင်း* အတွက် ဂရိစကားလုံးမှာ "သဘောသဘာဝ၊ အရည်အသွေး၊ ပုံစံတို့၌ အသစ်ဖြစ်သော၊ ကျင့်သားမရသေးသော၊ အသုံးမပြုရသေးသော" ဟုအဓိပ္ပါယ်ရသည်။
1. သစ်လွင်သောစပျစ်ရည်ဖူးများမှာ စိတ်လှုပ်ရှားတက်ကြွစေသောအသက်အဖြစ် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သော စပျစ်ရည်အသစ်ကို ထည့်ဝင်ရာအဖြစ် ဒေသန္တရအသင်းတော်များရှိ အသင်းတော်အသက်တာကို ပုံဆောင်သည်။
2. တစ်ဦးချင်းဆိုင်ရာ ခရစ်တော်သည် အသစ်သောစပျစ်ရည်၊ အတွင်းပိုင်း စိတ်လှုပ်ရှားတက်ကြွစေသော အသက်ဖြစ်ကာ၊ စုပေါင်းထားသော ခရစ်တော်သည် သစ်လွင်လန်းဆန်းသော စပျစ်ရည်ဖူး၊ အသစ်သောစပျစ်ရည်ကို ထည့်ဝင်မည့် အပြင်ပိုင်း ထည့်စရာ ဖြစ်သည်။ စုပေါင်းထားသော ခရစ်တော်ဖြစ်သည့် အသင်းတော်သည် စပျစ်ရည်ဖြစ်သော တစ်ဦးချင်းဆိုင်ရာ ခရစ်တော်ကို ထည့်ဝင်မည့် အသစ်သော စပျစ်ရည်ဖူးဖြစ်သည်။
   a. ခရစ်တော်၏ ကြီးမားကျယ်ပြန့်ခြင်းအဖြစ် အသင်းတော်သည် ခရစ်တော်ဖြင့် ပြည့်ဝခြင်းရှိပြီး၊ ခရစ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ထားခြင်း ရှိသည်။
   b. အင်္ဂါဝင်များသည် အတူတကွ ပေါင်းဖွဲ့ထားခြင်းမှာ ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်း ဖြစ်ပြီး၊ ဤကိုယ်ခန္ဓာတော်သည် ခရစ်တော်ဖြစ်သည်။ ခရစ်တော်သည် ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်ဖြစ်ပြီး၊ ဦးခေါင်းတော်၏ကိုယ်ခန္ဓာတော်ဖြစ်သည် - ၁ကော၊၁၂း၁၂။ တ၊၉း၅။
   c. ခရစ်တော်သည် ကွဲပြားခြင်းမရှိပေ။ သင်၌ရှိသော ခရစ်တော်သည် ကျွန်ုပ်၌ရှိသော ခရစ်တော်နှင့်အတူ တစ်လုံးတစ်ဝဖြစ်ပြီး၊ ကျွန်ုပ်တို့၌ ရှိသော ခရစ်တော်သည် အခြားခရစ်ယာန်များအားလုံး၌ ရှိသော ခရစ်တော်နှင့်အတူ တစ်လုံးတစ်ဝဖြစ်သည် - ၁ကော၊၁း၁၀၊ ၁၃က။
   d. ထို့ကြောင့် ခရစ်တော်သည် ကိုယ်တော်နှင့် ပြည့်ဝလျက်ရှိနေသော များစွာသော အင်္ဂါဝင်များဖြင့် ပေါင်းဖွဲ့ထားသည့် ကိုယ်ခန္ဓာတော်ဖြစ်သည်။ ဤအရာသည် အသစ်သော စပျည်ရည်ဖူးဖြစ်ကာ၊ ယင်းသည် အသစ်သောစပျစ်ရည်ဖြစ်သည့် ခရစ်တော်ကို ထည့်ဝင်မည့် အသင်းတော်အသက်တာ ဖြစ်သည်။
3. အသင်းတော်လူများအကြားတွင် အသစ်သောဝတ်လုံ၊ အသစ်သောစပျစ်ရည်၊ အသစ်သော စပျစ်ရည်ဖူးစသည့်အားလုံးကို ပြန်လည်ရယူခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့၌ ခရစ်တော်ကို ကျွန်ုပ်တို့၏အသင်းတော်အသက်တာအဖြစ် စုပေါင်းထားသော နည်းလမ်းနှင့် စပျစ်ရည်ဖူးအဖြစ် အသင်းတော်ကို ရရှိကြကာ၊ ယင်းသည် ဘုရားသခင်၏အဆုံးစွန်သော ပန်းတိုင်ဖြစ်သည်။

*© 2024 Living Stream Ministry*